# မလာအားပေမယ့် စာပါးလို့တော့ ပူဇော်ချင်တယ်

အရှင်ဉာဏိကာဘိဝံသ
(ကာလီဖိုးနီးယားတက္ကသိုလ်)



အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အင်ဂျလိစ်မြို့က သုန္ဒရာရာမ ပြဟ္မဝိဟာရကျောင်းရဲ့ ၁၈-ကြိမ်မြောက် အဇူဇာ ပဋ္ဌာန်းပွဲကို ကြွရောက်ဖို့ အဇူဇာ ဆရာတော်ဦးသေကက ဖိတ်ပါတယ်။ ကိုယ့်ကျောင်း အချိန်ဇယားကိုပြန်ကြည့်တော့ ဘယ်လိုမှ မသွားနိုင်လောက်အောင်ကို အချိန်က ကျပ်နေတယ်။ ဒီအပတ်တွင်း မှာမှ စာမေးပွဲတွေ၊ ပရက်ဆင်တေးရှင်းတွေ၊ ပေပါ ပရောဂျက်တွေနဲ့ ပြည့်လို့။ တကယ့်ကိုမှ တိုက်တိုင်ဆိုင်ဆိုင်။ ဒါကြောင့်ဆရာတော် ဦးသေကကို ဒီနှစ်တော့ဖြင့် မကြွရောက်နိုင်ဖြစ်ရပါကြောင်းကို လျှောက်ထားခဲ့ရပါတယ်။ တကယ်လို့သာ ကိုယ့်ကျောင်းစာ အရှုပ်တွေထဲက တစ်ခုလောက်နဲ့သာပဲ တိုက်ဆိုင်နေတာမျိုးဆိုလျှင် ပဋ္ဌာန်း ပွဲကို မရောက်ရောက်အောင် သွားဖြစ်အောင်ကိုသွားခဲ့မှာ။

ပြည်ပနိုင်ငံတစ်နိုင်ငံမှာ ခုလိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်တဲ့ ပဋ္ဌာန်းပွဲဆိုတာက ဒီတစ်နေရာတစ်ဌာန တည်းမှာသာ ရှိတာပဲ မဟုတ်လား။ ပဋ္ဌာန်းပွဲမှာ ပြည်နယ်အသီးသီးမှာ သီတင်းသုံးနေထိုင်ကြတဲ့ သံဃာတော် တွေ အပါး(၄၀)ကျော်တောင် ကြွရောက်ကြမှာ။ ပဋ္ဌာန်းတရားနဲ့ မြတ်ဘုရားကို ပူဇော်ဖို့ဆိုတာ အချိန်မရွေး နေရာမရွေးမှာ ဖြစ်နိုင်ပေမယ့် ပဋ္ဌာန်းတရား ရွတ်ဖတ်ပူဇော်ဖို့ အနယ်နယ်အရပ်ရပ်က ဆရာတော်တွေ ခုလောက်များများ တစ်နေရာတည်းမှာ ဆုံတွေ့ခွင့်ရဖို့ဆိုတာက ဖြစ်နိုင်ခဲတဲ့ အရာမျိုးမဟုတ်လား။ ခုလို ကံကောင်းလှစွာ တစ်နှစ်တစ်ခါ တစ်နေရာတည်းမှာ ဆုံနိုင်တဲ့အခွင့်အရေးကို အရ မယူသာအောင်ဖြစ်နေတဲ့ ကိုယ့်ကံကိုယ်ပဲ ရိုးမယ်ဖွဲ့ ရမယ်ရှာ ပြစ်တင်စကား ဆိုရမလိုပါပဲ။

ထားလိုက်ပါလေ။ မသွားနိုင်ခဲ့တာကို။ ဒါပေမယ့် ကံကောင်းမှု တစ်ခုက ပဋ္ဌာန်းပွဲရဲ့ ပုံရိပ်လွှာတွေကို မပြတ် တမ်း၊ မှတ်တမ်းပြုကာ ပေးပို့နေတဲ့ အော်ရီဂင်ပြည်နယ်၊ ပေါ့တလန်မြို့၊ သီရိမင်္ဂလာကျောင်းဆရာတော် အရှင် သီရိန္ဒရဲ့ ကျေးဇူးကြောင့် အဇူဇာပဋ္ဌာန်းရဲ့ အံ့မခန်းဖွယ် ရုပ်ပုံလွှာတွေကိုတော့ မပြတ်ကြည့်ရှုကြည်ညိုခွင့် ရနေပါ တယ်။ (သူကတော့ ကံကောင်းသူ မောင်ရှင်ရယ်ပေါ့လေ)။ သူ့ပုံတွေကို တွေ့ရမြင်ရကာမှ အခွင့်ကောင်းနဲ့

ကြုံဆုံပါလျက်ကယ်နဲ့ အခွင့်ကောင်းကို အရမယူနိုင်ခဲ့တဲ့ ကိုယ့်ရဲ့ အချိန်မအားလပ်မှုကိုပဲ အားမရနိုင်ဖြစ်မိရပါတယ်။

အဖုဇာကျောင်းက ဆန်ဂါဘရီရယ်တောင်တန်းကြီးရဲ့ အခြေမှာ တည်ရှိတယ်လေ။ ပြေပြင်ကျယ်အောက်ခြေမှာ ဓမ္မာရုံတွေ၊ သံဃာနေ ကျောင်းဆောင်တွေ။ တောင်ခါးပန်းမှာတော့ စိမ်းလန်းစိုပြေနေတဲ့ ဇောဓိပင်ပျိုတွေ၊ စိန်ပန်းပြာတွေ၊ မဟော်ဂနီနဲ့ ငုဝါပင်တွေအပြင် သပြေနဲ့ အခြားစားဖွယ်သစ်ပင်တွေလည်း စုံလို့။ သစ်ပင်ပန်းမာလ် စိမ်းစိမ်းအကြား တောင်ခြေမြေလျောတလျောက် တည်ထားတော်မူတဲ့ သတ္တဋ္ဌာနကျောက်ဆင်းတု ရုပ်ပွားများကလည်း တကယ့်ကိုမှ ကြည်ညိုဖွယ်အပြည့်။

မနစ်ကတော့ ဒီအချိန်မှာ အလုပ်သိပ်မများလို့ ပဌာန်းပွဲကို ကြွရောက်ဖြစ်ခဲ့ပါတယ်။ ကြွရောက်ခဲ့စဉ်က သတ္တဋ္ဌာန ရုပ်ပွားတော်များ အနေကဇာတင်ရတဲ့ အချိန်လေးကို ပြန်လည် အမှတ်ရမိပါတယ်။ အဲဒီအချိန်လေးမှာ ဖြစ်ခဲ့တဲ့ ကိုယ့်ရဲ့စိတ်အစဉ်လေးကိုတောင် ကိုယ်က ခုလို မှတ်တမ်းတင်ဖြစ်ခဲ့တယ်။

"မဟာဗောဓိပင်ခြေရင်း ဗုဒ္ဓဖြစ်တော်မူရာ ရုပ်ပွားတော်ကိုတော့ သံဃာတော်အားလုံး စုပေါင်းကာ အနေကဇာတင်မှု ပြုလုပ်ကြတယ်။ ကျန်တဲ့ရုပ်ပွားတော်များကိုတော့ (၁၀) ပါးတစ်စုစီ အသီးသီး အနေကဇာ တင်တော်မူကြတယ်။ တပုဿနဲ့ ဘလ္လိကညီနောင်တို့ကို ဆံတော်ချီးမြှင့်တော်မူဟန်ရုပ်တု၊ မုစလိန္ဒာအိုင်မှာ မြတ်ဗုဒ္ဓသီတင်းသုံးနေဟန်နဲ့ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပုံရုပ်တုတော်များကို အနေကဇာတင်ကြတယ်။ ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူတဲ့ ရုပ်ပွားတော်ရှေ့ရောက်တော့ အိန္ဒိယကို ဘုရားဖူးရောက်တဲ့သူများ ကုသိနာရုံရောက်တဲ့အခါများမှာ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပုံရုပ်ပွားကြည့်ပြီး ငိုကြွေးကြရ၊ မျက်ရေမဆည်နိုင်အောင် ဖြစ်ကြရတယ်ဆိုတဲ့ စကားက စိတ်ထဲဝင်ရောက်လာတယ်။ နေရောင်အလင်းအောက်မှာ လဲလျောင်းနေတဲ့ ဖြူလွလွ စကျင်ကျောက်သား ရုပ်တုတော်ကိုကြည့်ပြီး စိတ်ထဲဝမ်းနည်းသလိုလို ခံစားမိရတယ်။ အိန္ဒိယဘုရားဖူးရောက်သူတွေ ပူဆွေးဝမ်းနည်းမှုဖြစ်ကြရတယ်ဆိုတဲ့စကားကို သတိရမိလို့လေလား၊ သံသရာဝဋ္ဋဆင်းရဲ နွံအတွင်းက မလွတ်ကင်းနိုင်ကြရာပဲ တဝဲလည်လည် ကျင်လည်ကာ ပြေလွှားပြီး လှုပ်ရှားကာ ရှုန်းကန်နေရစ်ခဲ့ကြရာမဲ့ တပည့်အမိုက်သားတွေကို ချန်ထားခဲ့ရလို့ ဗုဒ္ဓခမျာ မချင့်မရဲနိုင် အားမရနိုင်ပဲ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ရှာလေမလားရယ်လို့ ကြုံကြုံဖန်ဖန်အတွေး ရောက်မိခဲ့တဲ့ စိတ်ကြောင့်လေလား မသိဘူးပေါ့။ တကယ်တော့လည်း အာသဝေါကင်းကွာ မြတ်ဗုဒ္ဓရဲ့ သန္တာန်တော်မှာ ကိုယ်တွေးမိသလို ဘယ်မှာလာလို့ မချင့်မရဲနိုင်၊ အားမရနိုင်ဖြစ်ရတဲ့ စိတ်မျိုးရှိနိုင်ပါ့မလဲ။ လူနတ်ပြဟ္မာ ကုဋေကုဋာမကကို ဝဋ္ဋဆင်းရဲအချုပ်အနှောင်က ထုတ်နှောင်ကယ်တင်တော်မူခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ စွမ်းဆောင်တော်မူခဲ့မှုက မချင့်မရဲ အားမရနိုင်ဖြစ်စရာမျိုးဆိုလို့ မြူတစ်မှုန်စာမျှပင် ထင်ကျန် မနေခဲ့ဘူးလေ" (အရှင် ဉာဏိက-ပဌာန်းတရား မြတ်စကားမှ အမြတ်နားသို့ ကြားစေချင်)။

ညလေအေးအေး လရောင်ဖွေးဖွေးအောက်မှာ ဗောဓိပင်ပျိုအောက်ထိုင်ရင်း တောင်ကုန်းလေးပေါ်မှာတည်ရှိတဲ့ သတ္တဋ္ဌာနဗုဒ္ဓရုပ်ပွားတော်များကို ဖူးမဝစွာ ဦးချကော်ရော်လို့ မေတ္တာပွားအပြီး အသိနဲ့အရှိ ထပ်ချပ်ဖြစ်နေဖို့ ကိုယ့်ကိုယ်ကို ပြန်လည်အမှတ်ပြုမိခဲ့တဲ့ ညချမ်းအချိန်လေးများကိုလည်း တမ်းတမ်းတတ သတိရမိပါတယ်။ ကြည်နူးဖွယ်ခဏဆိုတာ အချိန်တိုင်းမှာ ပီတိလှိုင်းတို့ ပြန်လည်နိုးထ လှုပ်ခတ်တတ်စမြဲပဲ မဟုတ်ပါလားလေ။

အင်းဒီအချိန်မှာဆိုလျှင်တော့ သံဃာတော်တွေ စုံညီညာနဲ့ ဒကာဒကာမတွေ သဒ္ဓါပြခန်း လှူဒါန်းတဲ့ ဆွမ်းဘောဇဉ် အာဟာရတွေကို ပေစ္စဝေကနာဆင်ခြင်၊ မေတ္တာပွားလို့ ဘုန်းပေးလို့ နေနေလောက်ပြီ၊ ဒီအချိန်မှာဆိုလျှင်တော့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ဓမ္မာရုံခန်းမကျယ်ကျယ်ထဲမှာ ကြည်ညိုဖွယ် အသံသာသာနဲ့ ပဋ္ဌာနဘာဏက ဆရာတော်တစ်ပါးပါးကတော့ဖြင့် မြတ်ဗုဒ္ဓ ဂုဏ်တော်အနန္တကို ရည်ရော်ကာမှန်းဆလို့ ပဋ္ဌာနဓမ္မနဲ့ ပူဇော်နေလောက်ပြီ။ ဒီအချိန် ဒီအချိန်တွေမှာတော့ ဆန်ဂါဘရီရယ် တောင်စဉ်တန်းကို မေးတင်လို့ အဇူဇာကျောင်းတော်ဝိဟာရဲ့ အထက်ပိုင်းဆီမှာတည်ရှိတဲ့ သတ္တဌာန ရုပ်ပွားဆင်းတုတော်တွေပေါ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်တဲ့ သူရိန်နေမင်းက သူ့ရဲ့အလင်းတန်းများနဲ့ ပူဇော်ပသလို့ နေလောက်ပြီရယ်လို့ မှန်းဆကြည့်မိပါတယ်။

အထူးသဖြင့်တော့ တိမ်ညိုတိမ်လွှာ အကွယ်ကာကြားကနေ သူ့ရဲ့အလင်းအားကိုဖြန့်ကျက်ဖို့ ရုန်းထွက်လာတဲ့ မုဒိတာလမင်းရဲ့ အေးမြမြအလင်းကို ခံစားရင်း ဓမ္မာရုံတလင်းပြင်မှာ လမ်းလျှောက်ခဲ့၊ ကြည်နူးခဲ့ရတဲ့ အနှိုင်းမဲ့ငြိမ်းအေးခြင်း ရသလေးကိုတော့ သန်းခေါင်ချိန်ရောက်လေတိုင်း သတိရတမ်းတလို့ နေမိဦးတော့မှာပါ။ ကိုယ့်နားထဲမှာတော့ တောင်ခြေမြေလွှာတလျှောက် အေးမြမြတိုက်ခတ်လာတဲ့ လေပြေထဲနဲ့အတူ မျောလွင့်ကာပါလာတဲ့ အဇူဇာသတ္တဌာန ဘုရားပရိဝုဏ်တွင်းက ဗောဓိညောင်ပင်ပျိုတို့ရဲ့ ရွက်လက်ခတ်သံလေးများကို--ပစ္စယေန ပစ္စယော-ဆိုတဲ့ အသံကြားမှာ သဲ့သဲ့လေး ကြားလိုက်မိသလိုပါပဲ။ ။

